# ချောင်းဆုံမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ
## အခန်း(၁)
## နိဒါန်းနှင့်ဒေသသမိုင်း

**နိဒါန်း**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အောက်ရှိ ဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး နှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေး၊ ပြည်သူ့ဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့် မှ အောက်ခြေ ရပ်ကွက်/ ကျေးရွာ အုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သောတာဝန်များနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့ များမှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာ အချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက် များ ပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် ချောင်းဆုံမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များကို သက်ဆိုင်ရာ ဌာန အသီးသီးမှပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ချောင်းဆုံမြို့နယ်၏သမိုင်းကို မှတ်တမ်းတင်ရာတွင် ဘီလူးကျွန်းဟူ၍ လူသိများပါသည်။ ရှေးယခင်က ယက္ခဒီပဟုခေါ်တွင်ပြီး မြတ်စွာဘုရားသခင် အနောက်မဇ္ဈိမဒေသသို့ ဒေသစာရီ ကြွချီရာတွင် ဘီလူးများစွာတို့သည် ကျွန်း၏အမြင့်ဆုံး တောင်များဖြစ်သော ဆတ်တောင် ၊ မုဆိုး တောင်နှင့် ဒရယ်တောင်များတွင် နေထိုင်ကြသည်ကိုအစွဲပြု၍ ဘီလူးကျွန်းဟု ခေါ်တွင်ခဲ့ပါသည်။ နောက် အဆိုတစ်ခုမှာဘီလူးကျွန်းနှင့် ကပ္ပလီပင်လယ်တို့တွင် နီဂရိုအနွယ်ဝင် စမင်း (စောမန်း) လူမျိုး များ နေထိုင်ခဲ့ပါသည်။ ထိုလူမျိုးများသည် အဝတ်အစား ဝတ်ဆင်ခြင်းမရှိဘဲ ဆံပင်ကောက်၍ အသားမဲကာ ရေကူးကျွမ်းကျင်သန်မာပြီး လူကောင်ကြီးထွား ခက်ထန်ကြမ်းကျုတ်ကြောင်း၊ ၄င်းတို့၏ ပုံသဏ္ဍာန်မှာ ဘီလူးများနှင့်တူသဖြင့် ၄င်းတို့နေထိုင်ရာကျွန်းကို ယက္ခဒီပ (သို့မဟုတ်) ဘီလူးကျွန်း ဟု ခေါ်ဆိုခဲ့ပါသည်။ အခြားအဆိုတစ်ခုဖြစ်သည့် လင်းယုန်သား (မောင်ဒီ) မွန်ဒဏ္ဍာရီရာဇဝင်တွင် ဘီလူးကျွန်းကို မွန်ဘာသာအားဖြင့် တကော့ခမိုင်းဟူ၍ ခေါ်ဆိုပါသည်။ အဓိပ္ပါယ်မှာ ခမောင်းပင် ပေါက်သောကျွန်းဖြစ်ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများကို အင်္ဂလိပ်အုပ်ချုပ်ရေး စတင် ခဲ့သည့်အချိန်နောက်ပိုင်း သက္ကရာဇ် (၁၉၀၁) ခုနှစ်တွင် ဘီလူးကျွန်းကို ချောင်းဆုံမြို့နယ်အဖြစ်

ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန၏ (၇-၇-၁၉၇၂) ရက်စွဲပါ စာအမှတ်၊ ၁၀၃/ ၃၃/ စိတ်-၁ ဖြင့်ထုတ်ပြန်သည့်အမိန့်ကြေငြာစာဖြင့် မော်လမြိုင်ခရိုင်၊ ချောင်းဆုံ မြို့နယ်ရှိ ချောင်းဆုံမြို့ကို ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန၏ (၃၀-၁၂-၁၉၉၂) ရက်စွဲပါစာအမှတ်၊၃/၈/အထ-၂ ဖြင့်ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ ဖြင့် ချောင်းဆုံမြို့နယ်တွင် ကျေးရွာအုပ်စု (၄၂) အုပ်စု၊ ကျေးရွာပေါင်း (၇၈) ရွာဖြင့် ပြင်ဆင် သတ်မှတ်၍ ချောင်းဆုံမြို့နယ်အား ရပ်ကွက်/ကျေးရွာအုပ်စု (၄၅) အုပ်စုဖြင့် ဖွဲ့စည်းသတ်မှတ် ခဲ့ပါသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၁၉၂/၂၀၁၄) ဖြင့် ကမာမို ကျေးရွာအုပ်စုရှိ ဒေါင်းဥကျေးရွာကို ဒေါင်းဥကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ချောင်းဆုံမြို့နယ်တွင် ရပ်ကွက် (၃) ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၃) အုပ်စု နှင့် ကျေးရွာ (၇၈) ရွာ ဖွဲ့စည်းတည်ရှိပါသည်။

## အခန်း(၂)
## ပထဝီဝင် အနေအထား

### တည်နေရာ နှင့်အကျယ်အဝန်း

၃။ ချောင်းဆုံမြို့နယ်သည် မြောက်လတ္တီတွဒ် (၁၆ ဒီဂရီ ၁၃ မိနစ် ) နှင့် ( ၁၆ ဒီဂရီ ၃၀ မိနစ်) အကြား၊ အရှေ့လောင်ဂျီတွဒ် ( ၉၇ ဒီဂရီ ၂၇ မိနစ်) နှင့် ( ၉၇ ဒီဂရီ ၃၀ မိနစ်) အကြားတွင် တည်ရှိပါ သည်။ ချောင်းဆုံမြို့နယ် ကို ဘီလူးကျွန်း ဟုခေါ်ဆိုပြီး ထင်ရှားသော ကျွန်းကြီးတစ်ကျွန်း ဖြစ်ပါ သည် ။ အရှေ့ နှင့် အနောက် (၁၀ မိုင် ၂ ဖာလုံ) တောင်နှင့်မြောက် ( ၁၉ မိုင် ၄ဖာလုံ ) ရှည်လျား ပါသည် ။ ချောင်းဆုံမြို့နယ် နှင့် မြို့၏ ဧရိယာအကျယ်အဝန်း မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စုဧရိယာ စတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ချောင်းဆုံ | ၀.၉၅၆ | ၂၅၃.၁၄၂ | ၂၅၄.၀၉၈ |

### နယ်နမိတ်

၄။ ချောင်းဆုံမြို့နယ်သည် အရှေ့ဘက် တွင် သံလွင်မြစ် နှင့် မော်လမြိုင်မြို့နယ် ၊ အနောက် ဘက် တွင် မုတ္တမပင်လယ်ကွေ့ ၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော် နှင့် မြောက်ဘက် တွင် သံလွင်မြစ် နှင့် ပေါင်မြို့နယ်တို့တည်ရှိပြီး မြို့နယ်အနေဖြင့် ရေပတ်လည်ဝန်းရံလျှက်ရှိသည့် သီးခြားကျွန်းတစ်ကျွန်း ဖြစ်ပါသည်။

### မြေမျက်နှာသွင်ပြင်

၅။ ချောင်းဆုံမြို့နယ်သည် တောင်ကုန်းတောင်တန်းများသည့် ကျွန်းမြို့နယ် ဖြစ်ပါသည်။

**ရေဆင်း**

၆။ ချောင်းဆုံမြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းများသည် မြောက် မှ တောင်သို့ စီးဆင်းလျက်ရှိပါသည်။ ရေအရင်းအမြစ်အများစုမှာ ရေငံများဖြစ်၍ စိုက်ပျိုးရေ ၊ သောက်သုံးရေ စသည်ဖြင့် အသုံးမပြုနိုင်ပါ ။ သံလွင်မြစ် မှာ နွေရာသီ တွင် ရေအနက် ( ၄၀ ) ပေခန့် ရှိ၍ သင်္ဘော / စက်လှေ များ သွားလာနိုင်ပါသည် ။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၇။ ချောင်းဆုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ( ၁၅ ) ပေ အထက်တွင် တည်ရှိပါသည်။ အမြင့်ဆုံးတောင်မှာ မုဒူးတောင် (သို့မဟုတ်) မုဆိုးမတောင် ဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက် ( **၅၅၉** ) ပေ ဖြစ်၍ မြို့နယ်၏အနိမ့်ဆုံးအရပ်ဒေသမှာ ဆယ်ပလာကျေးရွာဖြစ်ပါသည်။

**အခန်း(၃)**

**ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်**

**ရာသီဥတု**

၈။ ချောင်းဆုံမြို့နယ်သည် ပူအိုက်စွတ်စိုသော အပူပိုင်းဒေသ ရာသီဥတုရှိပြီး ၊ အမြင့်ဆုံးအပူချိန် ( ၃၅ ့C) နှင့် အနိမ့်ဆုံးအပူချိန် ( ၁၇ ့C ) ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန် နှင့် အပူချိန် မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (့C) အမြင့်ဆုံး | ဆောင်းရာသီ (့C) အနိမ့်ဆုံး |
| ၁ | ၂၀၁၅ | ၁၃၂ | ၂၁၇.၈၃ | ၃၉.၅ | ၁၈ |
| ၂ | ၂၀၁၆ | ၁၁၉ | ၁၆၄.၂၀ | ၃၉ | ၁၈ |
| ၃ | ၂၀၁၇ | ၁၀၈ | ၁၄၂.၉၃ | ၃၆ | ၂၄ |
| ၄ | ၂၀၁၈ | ၁၃၉ | ၁၉၅.၇၂ | ၃၆ | ၂၃ |
| ၅ | ၂၀၁၉ | ၁၄၇ | ၂၄၆.၈၅ | ၃၃ | ၂၅ |

**သဘာဝပေါက်ပင်များ**

၉။ ချောင်းဆုံမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ရင်ခတ်၊ မြယာ၊ ဘန့်ဘွေး ၊ ဒီဒူး၊ လက်ပံ၊ အနန်း ၊ သပြေ ၊ သဖန်း၊ စစ် ၊ သက်ရင်း စသည့်အပင်များ ဖြစ်ပါသည် ။

**တောရိုင်းတိရိစ္ဆာန်များ**

၁၀။ ချောင်းဆုံမြို့နယ်တွင်တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင် နှင့် ကြောင်မင်းကောင်ရေ (၅၀)ခန့် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

၁၁။ ချောင်းဆုံမြို့နယ်၏ သဘာဝပတ်ဂန်းကျင် လက်ရှိအခြေအနေ မှာ သစ်တောဖုံးလွှမ်းမှု ( ၀.၆၃ %) ရှိပါသည်။ ချောင်းဆုံမြို့နယ်တွင် သစ်တောကြိုးဝိုင်း မရှိပါ။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ ချောင်းဆုံမြို့နယ်တွင် သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ကျေးရွာ(၉) ရွာတွင် ကျေးရွာပိုင် ထင်းစိုက်ခင်း(၁)ဧကစီ စိုက်ပျိုးထားရှိပါသည် ။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ကြိုးပြင်ကာကွယ်တော (၁၃၁) ဧက ကို ထိန်းသိမ်းလျက်ရှိပြီး ၎င်းကြိုးပြင် ကာကွယ်တောအတွင်း ဒီရေတောစိုက်ခင်း (၁၀၈) ဧကကို တည်ထောင် စိုက်ပျိုးထားပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ ချောင်းဆုံမြို့နယ်သည် မုတ္တမပင်လယ်ကွေ့၏ ပင်လယ်အော်အတွင်းတည်ရှိပြီး အနောက်ဘက်တွင် မုတ္တမတောင်တန်းကာရံနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု နည်းပါးပါသည် ။ ချောင်းဆုံမြို့နယ်အနေဖြင့် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုအရ ပျက်စီးဆုံးရှုံးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | အမျိုးအစား | ဖြစ်ပွါးကြိမ် | သေ/ ပျောက်ဦးရေ | အဆောက် အဦးပျက်စီးမှု | ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | – | – | – | – |
| ၂ | ဆူနာမီဘေး | – | – | – | – |
| ၃ | ငလျှင်ဘေး | – | – | – | – |
| ၄ | ရေဘေး | – | – | – | – |
| ၅ | မီးဘေး | ၂ | – | ၆ | ၄.၀၇ |
| ၆ | လေဘေး | ၈ | – | ၇၃ | ၈၂.၈၀ |
| ၇ | မြေပြိုဘေး | ၃ | – | ၁၀ | ၃၄.၂၅ |
| ၈ | မိုးကြိုးဘေး | ၁ | ၁ | – | – |
| ပေါင်း | | ၁၄ | ၁ | ၈၉ | ၁၂၁.၁၁ |

## အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ချောင်းဆုံမြို့နယ်တွင်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၁ | ၁၆၃၈၀၈ | ၀.၀၀၀၆ |
| ၂ | ကယား | - | | - |
| ၃ | ကရင် | ၉၂၈၆ | ၁၆၃၈၀၈ | ၅.၆၇ |
| ၄ | ချင်း | - | | - |
| ၅ | မွန် | ၁၁၇၉၀၀ | ၁၆၃၈၀၈ | ၇၂.၀၀ |
| ၆ | ဗမာ | ၂၉၀၀၅ | ၁၆၃၈၀၈ | ၁၇.၇၀ |
| ၇ | ရခိုင် | ၂၀ | ၁၆၃၈၀၈ | ၀.၀၁၂ |
| ၈ | ရှမ်း | ၈ | ၁၆၃၈၀၈ | ၀.၀၀၅ |
| ၉ | အခြား | ၇၅၈၂ | ၁၆၃၈၀၈ | ၄.၆၂ |
| | **မြို့နယ်ချုပ်** | **၁၆၃၈၀၂** | ၁၆၃၈၀၈ | **၉၉.၉၉** |

### အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ချောင်းဆုံမြို့နယ်၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၁၆၈၁ | ၁၈၁၂ | ၃ | - | - |
| ၂ | ကျေးလက်နေ | ၂၆၃၀၂ | ၂၇၆၀၉ | - | ၄၃ | ၇၈ |
| | **မြို့နယ်ချုပ်** | **၂၇၉၈၃** | **၂၉၄၂၁** | **၃** | **၄၃** | **၇၈** |

**(ခ) လူဦးရေ**

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၃၂၁၅ | ၃၅၃၇ | ၆၇၅၂ | ၁၆၂၀ | ၁၆၅၆ | ၃၂၇၆ | ၄၈၃၅ | ၅၁၉၃ | ၁၀၀၂၈ |
| ၂ | ကျေးလက်နေ | ၄၈၂၂၇ | ၅၂၁၄၄ | ၁၀၀၃၇၁ | ၂၇၁၇၃ | ၂၆၂၃၆ | ၅၃၄၀၉ | ၇၅၄၀၀ | ၇၈၃၈၀ | ၁၅၃၇၈၀ |
| | **မြို့နယ်ချုပ်** | **၅၁၄၄၂** | **၅၅၆၈၁** | **၁၀၇၁၂၃** | **၂၈၇၉၃** | **၂၇၈၉၂** | **၅၆၆၈၅** | **၈၀၂၃၅** | **၈၃၅၇၃** | **၁၆၃၈၀၈** |

## လူဦးရေတိုးနှုန်း နှင့် ကျား မ အချိုး

၁၆။ ချောင်းဆုံမြို့နယ်၏ ၂၀၁၉ ခုနှစ် လူဦးရေ တိုးနှုန်း ကျား၊ မ အချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လူဦးရေတိုးနှုန်းနှင့် ကျား၊ မ အချိုး

| စဉ် | မြို့နယ် | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မ အချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ချောင်းဆုံ | ၁၆၂၇၉၀ | ၁၆၃၈၀၈ | ၁၀၁၈ | ၀.၆၂ | ၈၀၂၃၅ | ၈၃၅၇၃ | ၁း ၁.၀၄၂ |

(ခ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ် | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်း ဝင် ဦးရေ | ပြောင်း ထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ချောင်းဆုံ | ၁၆၂၇၉၀ | ၂၁၅၈ | ၁၀၅၃ | ၅၁၁ | ၅၉၈ | ၁၆၃၈၀၈ |

## ကိုးကွယ်သည့်ဘာသာ

၁၇။ ချောင်းဆုံမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အ ခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ချောင်းဆုံ | ၁၅၆၃၆၂ | ၂၃၁ | ၉၈၄ | ၆၂၃၁ | - | - | ၁၆၃၈၀၈ |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ချောင်းဆုံမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူဦးရေ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | နိုင်ငံခြားသား လူမျိုး | နေထိုင် ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ချောင်းဆုံ | တရုတ် | | | |
| (ခ) | | အိန္ဒိယ | ၆ | ၁၆၃၈၀၈ | ၀.၀၀၄ |
| (ဂ) | | ပါကစ္စတန် | | | |
| **မြို့နယ်ချုပ်** | | | **၆** | **၁၆၃၈၀၈** | **၀.၀၀၄** |

## အခန်း(၅)
## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

### အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ချောင်းဆုံမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ၁ | ၁ | ၃ | ၄၃ | ၇၈ |

### ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ ချောင်းဆုံမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးမင်းနိုင် | အများယုံကြည် | ဥက္ကဌ |
| ၂ | ဦးအုန်းရီ | ,, | အဖွဲ့ဝင် |
| ၃ | ဦးစောလှရှိန် | ,, | အဖွဲ့ဝင် |
| ၄ | ဦးသိန်းကျော်ဦး | ,, | အဖွဲ့ဝင် |
| ၅ | ဦးသိန်းနိုင် | ,, | အဖွဲ့ဝင် |
| ၆ | ဦးခင်မောင်ဝင်း | ,, | အဖွဲ့ဝင် |
| ၇ | ဒေါက်တာမင်းညွှန့်ဝင်း | ကျန်းမာရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| ၈ | ဦးခင်လှ | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၉ | ဦးမင်းဝင်းနိုင် | ဦးစီးမှူး၊ စိုက်ပျိုးရေး | အဖွဲ့ဝင် |
| ၁၀ | ဦးဝင်းနိုင် | ဦးစီးမှူး၊ လဝက | အဖွဲ့ဝင် |
| ၁၁ | ဦးအုံးသန့် | အမှုဆောင်အရာရှိ၊ စည်ပင် | အဖွဲ့ဝင် |
| ၁၂ | ဒေါ်မိသူဇာ | ဦးစီးမှူး၊ပြန်/ဆက် | အဖွဲ့ဝင် |
| ၁၃ | ဒေါ်သန္တာ | စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၁၄ | ဒေါ်လဲ့ယဉ်မြင့် | ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၁၅ | ဦးရဲထွန်းနောင် | ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး (ထွေ/အုပ်) | အဖွဲ့ဝင် |

(ခ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ**

| စဉ် | မြို့နယ် | မြို့နယ်လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ချောင်းဆုံ | ၁၆၃၈၀၈ | ၅၁၄၄၂ | ၅၅၆၈၁ | ၁၀၇၁၂၃ |

(ဂ ) **နိုင်ငံရေးပါတီများ**

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင် ဦးရေ | ပါတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်နိုင်ဖြိုး | - | - | ၁၅ | ၅၅၀၀ |
| ၂ | တစည | ဦးတင့်ဝေ | ဦးမြင့်သန်း | ၁၅ | ၃၄၈ |
| ၃ | NLD | ဦးမင်းကျော်လွင် | ဦးမြင့်နိုင် | ၁၅ | ၄၈၂၀ |
| ၄ | ညီညွတ်သော ဒီမိုကရက်တစ် | - | - | ၉ | - |
| ၅ | မွန်ညီညွတ် ရေးပါတီ | နိုင်စိန်ကြင် | ဦးနိုင်မြတ်ဇော် | ၂၁ | ၁၀၆ |

(ဃ) **ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တသီးပုဂ္ဂလ အမည် | လွှတ်တော် အမည် |
|---|---|---|---|
| ၁ | ဦးအောင်နိုင်ဦး | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) |
| ၂ | ဒေါ်ကြည်ကြည်မြ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) |
| ၃ | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ | ပြည်သူ့လွှတ်တော် |
| ၄ | ဦးလင်းတင်ဌေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | အမျိုးသားလွှတ်တော် |
| ၅ | ဦးအောင်မြင့်ခိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ပြည်နယ်လွှတ်တော် (ကရင်) |
| ၆ | ဦးရွှေမြင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ပြည်နယ်လွှတ်တော် (ဗမာ) |
| ၇ | ဒေါ်စံပင့်ခိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ပြည်နယ်လွှတ်တော် (ပအိုဝ့်) |

## အခန်း(၆)

## စီးပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ ချောင်းဆုံမြို့နယ်သည် မွန်ပြည်နယ်အတွင်းတည်ရှိပြီး စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ချောင်းဆုံမြို့နယ်သည် အခြားမြို့နယ်များသို့ ကုန်လမ်း၊ ရေလမ်း ဖြင့်သွားလာရသော ကျွန်းမြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်မှာဆန်စပါးဖြစ်ပြီး မော်လမြိုင်နှင့် တနင်္သာရီတိုင်းတို့သို့ အများဆုံးတင်ပို့ရောင်းချပါသည်။

### မြေအသုံးချမှု

၂၂။ ချောင်းဆုံမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၈၉၀၆၅** |
| | (က) လယ်မြေဧရိယာ | ၆၄၈၅၆ |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၁၃၄၅၂ |
| | (င) ဓနိ | ၁၀၇၅၇ |
| ၂ | လုပ်ထားမြေဧရိယာပေါင်း | - |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနိ | - |
| ၃ | စားကျက်မြေ | ၁၀၃၀ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၅၁ |
| ၅ | မြို့မြေ | ၃၇၂ |
| ၆ | ရွာမြေ | ၁၆၇၀ |
| ၇ | အခြားမြေ | ၆၀၈၂ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၁၃၁ |
| ၉ | တောရိုင်း | - |
| ၁၀ | မြေရိုင်း | - |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၆၄၂၂၂ |
| စုစုပေါင်း | | **၁၆၂၆၂၃** |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ ချောင်းဆုံမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ။** ချောင်းဆုံမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးဆည်များ မရှိပါ။

(ခ) **မြစ်ရေတင်စီမံကိန်းများ။** ချောင်းဆုံမြို့နယ်တွင် မြစ်ရေတင်စီမံကိန်းများ မရှိပါ။

(ဂ) **တာတမံများ/ ရေထိန်းတံခါး**

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ရေထိန်းတံခါး ဖြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည် (ပေ) | | |
| ၁ | ဟသ်ာကျွန်း တာတမံ | မြေသား | ၁၇၂၁၀ | - | ၉၇၃ |
| ၂ | တော်ပွန် တာတမံ | မြေသား | ၈၆၀၀ | - | ၄၂၇ |
| ၃ | ဇီးကုန်း - ဆယ်ပလာ တာတမံ | မြေသား | ၅၆၆၅၀ | - | ၄၃၈၅ |
| ၄ | ကွမ်ရိုက် တာတမံ | မြေသား | ၃၅၆၄၀ | - | ၁၇၇၈ |
| ၅ | ဒရယ် တာတမံ | မြေသား | ၁၈၇၉၀ | - | ၆၉၄ |
| ၆ | ဒရယ်-ကလွီ တာတမံ | မြေသား | ၁၀၉၃၀ | - | ၁၄၀၇ |

**စိုက်ပျိုးရေးလုပ်ငန်း**

၂၄။ ချောင်းဆုံမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၁၈-၂၀၁၉ လျာထားဧက | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၁ | စပါးပေါင်း | နွေ | ၁၂၀ | ၁၃၆ | ၁၃၆ | ၇၄.၁၅ | ၁၀၀၈၄ |
| | | မိုး | ၆၅၄၅၃ | ၆၅၃၃၄ | ၆၅၂၁၈ | ၆၂.၀၃ | ၄၀၄၅၄၇၃ |
| ၂ | မြေပဲ | မိုး | - | - | - | - | - |
| | | ဆောင်း | ၂၅ | ၈၁ | ၈၁ | ၅၂.၇၆ | ၄၂၇၄ |

| စဉ် | သီးနှံ အမည် | ၂၀၁၈-၂၀၁၉ လျာထားဧက | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၃ | နှမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | - | ၁၀ | ၇၀ | ၇၀ | ၂၈.၀၀ | ၁၉၆၀ |
| ၅ | မတ်ပဲ | - | ၂၁၆၆ | ၂၅၃၈ | ၂၅၃၈ | ၁၃.၁၀ | ၃၃၂၄၇ |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၉၀၀ | ၆၈၆ | ၆၈၆ | ၁၃.၈၀ | ၉၄၆၇ |
| ၇ | ပဲစင်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | - | - | - | - | - |
| ၁၀ | အစေ့ထုတ်ပြောင်း | - | - | - | - | - | - |

(ခ) **နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ**

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက် နှုန်း (ပိဿာ) | အထွက် ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| (၁) | သစ်ဆိမ့် | ၇ | - | - | - |
| (၂) | ရာဘာ | ၅၉၂၆ | ၄၉၉၀ | ၇၄၅.၀၀ | ၃၇၁၇၅၅၀ |
| (၃) | ငှက်ပျောကောင်း | ၁၅၄၀ | - | - | - |
| (၄) | ကွမ်းသီး | ၁၄၀ | ၁၄၀ | ၆၂၈.၀၀ | ၈၆၅၂၀ |
| (၅) | ကွမ်းရွက် | ၁၆၀ | ၁၆၀ | ၃၃၉၉.၇၅ | ၅၄၃၉၆၀ |
| (၆) | အုန်း | ၈၄၀ | ၈၃၉ | ၄၆၈၁.၀၀ | ၃၉၂၇၅၂၀ |
| (၇) | သစ်သီးပင် | ၄၄၇၈ | ၄၄၇၆ | - | - |
| | **စုစုပေါင်း** | **၁၃၀၉၁** | **၁၀၆၀၅** | **၇၈၀.၃၄** | **၈၂၇၅၅၅၀** |

(ဂ) **အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ။** ချောင်းဆုံမြို့နယ်တွင် အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မရှိပါ ။

### (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ခြွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ခြွေလှေ့စက် | ရေစုပ်စက် |
| ၁ | ၄ | - | - | ၂ | - | - | - | ၆၃ | ၅၄၂ | - | ၇ | - | ၁၂ | ၂၇၁ |

### (င) လယ်ယာသုံး ထယ်၊ ထွန် နှင့် ကျွဲ၊ နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၇၃၄၉ | ၁၁၁ | ၃၂၃၀၄ | ၃၁၃၇၁ |

### (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၁၈ အမှန် | ၂၀၁၈-၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၆၂၀၁၆ | ၁၆၃၆၁၈ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | | | |
| | -ကျေးလက်နေ | တင်း | ၂၂၈၀၁၆၅ | ၂၃၀၃၉၇၀ | |
| | -မြို့နေ | တင်း | ၁၂၀၀၆၀ | ၁၂၀၂၄၀ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၂၄၀၀၂၂၅ | ၂၄၂၄၂၁၀ | |
| ၄ | စပါးစိုက်ဧကပေါင်း | ဧက | ၆၅၄၃၁ | ၆၅၄၇၀ | |
| | -အထွက်နှုန်း | တင်း | ၆၂.၃၆ | ၆၁.၉၅ | |
| | -အထွက်တင်း | တင်း | ၄၀၈၀၂၀၅ | ၄၀၅၅၅၅၈ | |
| ၅ | လာမည့်နှစ်စပါး စိုက်ဧက | ဧက | ၆၅၄၃၁ | ၆၅၄၇၀ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၁၃၀၈၆၂ | ၁၃၀၉၄၀ | |
| ၇ | အသုံးပြုတင်း | တင်း | ၂၈၀၂၄၂၀ | ၂၈၂၄၈၄၅ | |
| ၈ | ပိုလျှံမှု | တင်း | (+) ၁၂၇၇၇၈၅ | (+) ၁၂၃၀၇၁၃ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၃၆၇၈၀၁၀ | ၃၆၅၄၉၂၃ | |
| ၁၀ | ဖူလုံမှု | % | ၁၄၅.၆၀ | ၁၄၃.၅၇ | |

(ဆ) **ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၁၈ အမှန် | ၂၀၁၈-၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၆၂၀၁၆ | ၁၆၃၆၁၈ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၁၅၈၇.၃၈ | ၁၆၀၃.၀၈ | |
| | ဆီထွက်ရှိမှု | တန် | ၁၄.၂၂ | ၁၈.၃၅ | |
| ၃ | အလေအလွင့်နှင့်အခြား | တင်း | ၄၀၀ | ၅၆၃ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၁၂၄ | ၁၅၁ | |
| | အသုံးပြုမှု | မက်/ တန် | ၁၅၈၇.၃၈ | ၁၆၀၃.၀၈ | |
| | လိုအပ်မှု | မက်/ တန် | (-) ၁၅၇၃.၁၆ | (-) ၁၅၈၄.၇၃ | |
| ၅ | ဖူလုံမှု | % | ၀.၉၀ | ၁.၁၄ | |

**မွေးမြူရေးလုပ်ငန်းများ**

၂၅။ ချောင်းဆုံမြို့နယ်၏ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ။** ချောင်းဆုံမြို့နယ်တွင် မွေးမြူရေးဇုန်များ မရှိပါ။

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၈ -၂၀၁၉ | ၃၄၇၄ | ၅၃၇၄၉ | ၄၀၄၅၆ | ၁၅၂၂၃ | ၁၀၁၉၇၂၉ | ၁၇၄၂၉၀ | - |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)**

| စဉ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၈ -၂၀၁၉ | - | ၅၃၇၀၀၀ | ၁၂၉၀၈၃၀ | ၅၈၉၂၁ | ၃၄၇၃၂၁၇ | ၅၁၆၄၆၆ | - |

(ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)

| စဉ် | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|
| ၁ | ၂၀၁၈ –၂၀၁၉ | ၃၃၀၉၀၉၄၈ | ၈၇၃၆၄၉၂ | – |

(င) မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု

| စဉ် | ခုနှစ် | နို့စားနွား(ကောင်ရေ) | နို့ထွက်(ပိဿာ) |
|---|---|---|---|
| ၁ | ၂၀၁၈ –၂၀၁၉ | ၉၆၇၈ | ၂၇၅၈၂၆၁ |

( စ) မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက်(ကန်) | ဧက | ထုတ်လုပ်မှုပိဿာ | အရေအတွက်(ကန်) | ဧက | ထုတ်လုပ်မှုပိဿာ |
| ၁ | ၂၀၁၈ –၂၀၁၉ | ၂၁ | ၂၇.၂၁ | ၃၂၀၀၀ | – | – | – |

(ဆ) ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု (တန်)

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု(တန်) | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု(တန်) |
| ၁ | ၂၀၁၈ –၂၀၁၉ | ၁ | ၆ | ၂၅၂၃၂ | ၁ | ၂ | ၉၈၅.၂၉ |

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ ချောင်းဆုံမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) **စက်မှုဇုန်များ။** ချောင်းဆုံမြို့နယ် တွင် စက်မှုဇုန် များ မရှိပါ။

(ခ) **မြို့နယ်ရှိစက်ရုံများ။** ချောင်းဆုံမြို့နယ်တွင်စက်ရုံ များ မရှိပါ။

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ။** ချောင်းဆုံမြို့နယ် တွင် အလုပ်ရုံ များ မရှိပါ။

(ဃ) **မြို့နယ်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**

| စဉ် | စက်မှုလက်မှု လုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သားအင်အား |
|---|---|---|---|
| (၁) | ဒုတ်ကောက်+ဆေးတံ လုပ်ငန်း | ၃ | ၁၂ |
| (၂) | ဝါးခမောက်၊ဝါးခြင်းတောင်း လုပ်ငန်း | ၃၅ | ၇၀ |
| (၃) | ကျောက်သင်ပုန်းလုပ်ငန်း | ၃ | ၁၂ |
| (၄) | သရေကွင်းလုပ်ငန်း | ၃ | ၁၅ |
| (၅) | သစ်သားပွတ်လုံးလုပ်ငန်း | ၁ | ၄ |
| (၆) | စက်ချုပ်လုပ်ငန်း | ၈၀ | ၁၆၅ |
| (၇) | ပန်းတိမ်လုပ်ငန်း | ၉ | ၂၇ |
| (၈) | ပန်းပဲလုပ်ငန်း | ၁၁ | ၂၂ |
| (၉) | မုန့်လုပ်ငန်း | ၃၂ | ၉၆ |

**သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၂၇။ ချောင်းဆုံမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **သစ်တောများ။** ချောင်းဆုံမြို့နယ်တွင်သစ်တောများ မရှိပါ ။

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း**

| စဉ် | စိုက်ပျိုးသူ | နိုင်ငံ/ ပုဂ္ဂလိကပိုင် | စိုက် ဧက | တည် နေရာ | အပင် အမျိုး အစား | အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | ဦးတိုးလွင် | ပုဂ္ဂလိကပိုင် | ၂.၂၇ | မရမ်း | သစ်မွှေး | ၂၀၀၀ |
| ၂ | ဦးအောင်မင်းလတ် | ။ | ၀.၅၁ | ကွမ်လှာ | သစ်မွှေး | ၄၅၀ |
| မြို့နယ်ချုပ် | | | **၂.၇၈** | | | **၂၄၅၀** |

(ဂ) **သစ်ထုတ်လုပ်မှု။** ချောင်းဆုံမြို့နယ်တွင် သစ်ထုတ်လုပ်မှု မရှိပါ ။

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | ၃၄၀ |
| ၂ | ဝါး | လုံး | ၄၅ |

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ ချောင်းဆုံမြို့နယ်၏ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု။** ချောင်းဆုံမြို့နယ်တွင် ဓါတ်သတ္တုတူးဖော် ထုတ်လုပ်မှု လုပ်ငန်းမရှိပါ ။

(ခ) **ကျောက်မျက်တူးဖော်မှု။** ချောင်းဆုံမြို့နယ်တွင် ကျောက်မျက်တူးဖော်မှု လုပ်ငန်း မရှိပါ ။

**စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ**

၂၉။ ချောင်းဆုံမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်**

| စဉ် | ဆိုင် အမည် | နိုင်ငံ ပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းချမှု စည်ပေါင်း | |
|---|---|---|---|---|---|
| | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | ရာဇာမင်း | - | ပုဂ္ဂလိကပိုင် | ၁၅၀ | ၉၀ |
| ၂ | စိန် (၁) | - | ॥ | ၁၅၀ | ၉၀ |
| ၃ | စိန် (၂) | - | ॥ | ၁၃၀ | ၈၀ |

(ခ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ။** ချောင်းဆုံမြို့နယ်တွင် သဘာဝဓါတ်ငွေ့ အရောင်းဆိုင်များ မရှိပါ ။

**ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

၃၀။ ချောင်းဆုံမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းလမ်း။** ချောင်းဆုံမြို့နယ်တွင် လေကြောင်းလမ်း မရှိပါ ။

(ခ) **ရေကြောင်းလမ်း**

| စဉ် | ရေကြောင်း လမ်းအမည် | မြို့နယ်အတွင်း | | အရှည် ရေမိုင် | ဆိပ်ကမ်းအရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘောဆိပ် | အခြား |
| ၁ | နတ်မှော်-မော်လမြိုင် | ချောင်းဆုံ | မော်လမြိုင် | | ၁ | |
| ၂ | ကလွီ-မော်လမြိုင် | ချောင်းဆုံ | မော်လမြိုင် | | ၁ | |
| ၃ | ကညော်-မော်လမြိုင် | ချောင်းဆုံ | မော်လမြိုင် | | | ၁ |
| ၄ | ကော့မုပွန်-မော်လမြိုင် | ချောင်းဆုံ | မော်လမြိုင် | | | ၂ |

(ဂ) **ရထားလမ်းနှင့်ဘူတာရုံများ။** ချောင်းဆုံမြို့နယ်တွင် ရထားလမ်းနှင့် ဘူတာရုံ များ မရှိပါ။

**(ဃ) ကားဂိတ်များ**

| **စဉ်** | **ကားဂိတ် အမည်** | **ပြေးဆွဲသည့် ခရီးစဉ်** | **ပြေးဆွဲသည့်ယာဉ်အမျိုးအစား** | **ပြေးဆွဲ သည့် ယာဉ် စီးရေ** |
|---|---|---|---|---|
| ၁ | ချောင်းဆုံ | ကမာကေး-မော်လမြိုင် | ချက်ပလက် ၊ ဒိုင်နာ ၊ ကန်တာ၊ လိုက်ထရပ် | ၃၆ |
| ၂ | | မုရစ်ကလေး-မရမ်း-ကွမ်သဲ - မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ်၊ ဟိုက်ဂျက် | ၂၅ |
| ၃ | | ဆယ်ပလာ-ဖံဖ-မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ် | ၁၉ |
| ၄ | | မုခနီး-မုကွဲ-မုရစ်ကြီး-မော်လမြိုင် | လိုက်ထရပ် ၊ ဟိုက်ဂျက် | ၁၀ |
| ၅ | | ကလော့-ကမနင်း-မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ် | ၂၄ |
| ၆ | | ရွာလွတ်-မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ်၊ ဟိုက်ဂျက် | ၂၈ |
| ၇ | | ကမာမို-ဒေါင်းဥ-မော်လမြိုင် | လိုက်ထရပ်၊ ဟိုက်ဂျက်၊ ချက်ပလက် | ၃၉ |
| ၈ | | ကွမ်ရိုက်-မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ်၊ ဟိုက်ဂျက် | ၂၃ |
| ၉ | | ဒရယ်-မော်လမြိုင် | ဒိုင်နာ၊ ကန်တာ၊ လိုက်ထရပ်၊ ဟိုက်ဂျက် | ၅၈ |
| ၁၀ | | ချောင်းဆုံ-မော်လမြိုင် | လိုက်ထရပ်၊ ဟိုက်ဂျက် | ၂၇ |
| ၁၁ | | ဒေါင်းရပ်အရှေ့-ဒေါင်းရပ် အနောက်- မော်လမြိုင် | လိုက်ထရပ်၊ ဟိုက်ဂျက် | ၇ |
| | | **မြို့နယ်ချုပ်** | | **၂၉၆** |

**လမ်းဦးစီးဌာနလုပ်ငန်းများ**

၃၁။ လမ်းဦးစီးဌာန လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်းများ**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ချောင်းဆုံ-မုရစ်ကလေး - ကမာကေး လမ်း | ချောင်းဆုံ | ကမာကေး | ၁၀ မိုင် ၅ ဖာလုံ |
| ၂ | ကလွီ-ရွာလွတ်- ချောင်းဆုံ-နတ်မှော် လမ်း | နတ်မှော် | ကလွီ | ၁၅ မိုင် ၄ ဖာလုံ |
| ၃ | ချောင်းဆုံ -သကြော - မုဒူး-ဒေါင်းဥ လမ်း | ချောင်းဆုံ | ဒေါင်းဥ | ၉ မိုင် |
| ၄ | သံလွင်တံတား (ချောင်းဆုံ) ချဉ်းကပ် လမ်း | - | - | ၃ မိုင် ၂ ဖာလုံ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁ | ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ချဉ်းကပ်လမ်း | ၃ မိုင် ၂ ဖာလုံ | ကတ္တရာ | - | - | |

(ဂ) **တံတားများ**

**(၁) ပေ (၁၈၀) အထက်တံတားများ။** ချောင်းဆုံမြို့နယ်တွင် ပေ(၁၈၀)အထက် တံတားများ မရှိပါ ။

**(၂) ပေ (၁၈၀) အောက် တံတားများ**

| **စဉ်** | **ပေ(၅၀) မှ (၁၈၀) ရှိ တံတားအမည်** | **အရှည် (ပေ)** | **အမျိုးအစား** | **တည်ဆောက်သည့်ခုနှစ်** | **သွားလာနိုင်သည့်ယာဉ် (ကား/ရထား)** | **ပေ(၅၀)အောက် တံတား အရေအတွက်** |
|---|---|---|---|---|---|---|
| ၁ | တံတားအမှတ် ၆/၆ | ၈၀ | RC | - | ကား | RC - ၃၁<br>BOX Culvert-၁၅၇<br>Pipe - ၂ |
| ၂ | တံတား အမှတ် ၁/၇ | ၆၀ | RC | ၂၀၁၆ | ကား | |
| | **မြို့နယ်ချုပ်** | ၂ | | | | ၁၉၀ စင်း |

(ဃ) **လမ်းတံတားသုံး စက်ကိရိယာများ**

| စဉ် | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သားဦးရေ |
|---|---|---|---|---|---|
| | မြေထိုးစက် | မြေကော်စက် | မြေကြိတ်စက် | မြေသယ်ယာဉ် | |
| ၁ | - | - | ၁ | - | - |

**( င ) လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း ။** ချောင်းဆုံမြို့နယ် တွင် လမ်း/တံတားအသုံးပြုခ ကောက်ခံသည့်လုပ်ငန်း မရှိပါ ။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

၃၂။ ချောင်းဆုံမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း နှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

**(၁) ဟိုတယ်။** ချောင်းဆုံမြို့နယ်တွင် ဟိုတယ် များ မရှိပါ ။

(၂) မိုတယ်၊အင်း၊တည်းခိုခန်း

| စဉ် | မိုတယ်အရေအတွက် | အင်းအရေအတွက် | တည်းခိုခန်းအရေအတွက် |
|---|---|---|---|
| ၁ | - | - | ၂ |

**(ခ) ကမ်းခြေနှင့်အပန်းဖြေနေရာများ။** ချောင်းဆုံမြို့နယ်တွင် ကမ်းခြေ နှင့် အပန်းဖြေ နေရာများ မရှိပါ ။

**သမဝါယမအသင်းများ**

၃၃။ ချောင်းဆုံမြို့နယ်တွင်ရှိသော သမဝါယမအသင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | သမဝါယမအသင်းပေါင်း | သမဝါယမအသင်းစုပေါင်း | မှတ်ချက် |
|---|---|---|---|
| ၁ | ၈၅ | ၁ | |

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ**

၃၄။ ချောင်းဆုံမြို့နယ်တွင်ရှိသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) **ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ**

(၁) **ကုမ္ပဏီများ။** ချောင်းဆုံမြို့နယ်တွင် ကုမ္ပဏီများ မရှိပါ ။

(၂) **ကုန်စည်ဒိုင်များ။** ချောင်းဆုံမြို့နယ်တွင် ကုန်စည်ဒိုင်များ မရှိပါ ။

(၃) **ပွဲရုံများ။** ချောင်းဆုံမြို့နယ်တွင် ပွဲရုံများ မရှိပါ ။

(၄) **ဈေးများ**

| စဉ် | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့မအမှတ်(၁) အဖွဲ့ပိုင်ဈေး | ချောင်းဆုံအနောက်ရပ်ကွက် | |
| ၂ | မြို့မအမှတ်(၂) အဖွဲ့ပိုင်ဈေး | ချောင်းဆုံအရှေ့ရပ်ကွက် | |
